
ရွေးကောက်ပွဲအကြို သုတေသနအခြေခံ
မူဝါဒအဆိုပြု အစီအစဉ်
ETRA
Election Targeted
Research-based Advocacy

EMReF
Enlightened Myanmar
Research Foundation

၁၀ အောက်တိုဘာလ ၂၀၂၀

# ဒီမိုကရေစီတန်ဖိုး၊ လူသားဆန်ခြင်းနှင့်
# ရွေးကောက်ပွဲ ရွှေ့၊ မရွှေ့ ဝိရောဓိ
## နိုင်ငံရေးပါတီများ၏ အမြင်စုစည်းသုံးသပ်ချက်များ



# နိဒါန်း

ရွေးကောက်ပွဲများ ပုံမှန်ကျင်းပရေးသည် ဒီမိုကရေစီ၏ ဝိသေသလက္ခဏာတစ်ခုဖြစ်သကဲ့သို့ ရွေးကောက်ပွဲတစ်ခု၏ အရည်အသွေးနှင့် ဖြောင့်မတ်မှန်ကန်မှုအတွက် မရှိမဖြစ် လိုအပ်သောအရာတစ်ခုဖြစ်သည်။[၁] သို့သော် လူ့အသက် စည်းစိမ်အိုးအိမ်ဆုံးရှုံးမှုများ ပါဝင်နေသော အရေးပေါ်အခြေနေများတွင် ဥပမာ- ငလျင်၊ မုန်တိုင်း၊ တောမီးလောင် ခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များ၊ ငတ်မွတ်ခေါင်းပါး ခြင်းကဲ့သို့သော ကပ်ဘေးများနှင့် ကြက်ငှက် တုပ်ကွေး၊ ကိုဗစ် ၁၉ ကဲ့သို့ ရောဂါဘယကပ်ဆိုးများဖြစ်ပွားချိန်တွင် လူသားချင်းစာနာငဲ့ညှာမှုများကြောင့် ရွေးကောက်ပွဲ များကို ရွှေ့ဆိုင်းကြသည်လည်းရှိသည်။ ဥပမာ- ပပွာနူဂီးနီ (Papua New Guinea) တွင် ၂၀၁၉ ခုနှစ် က မီးတောင် ပေါက်ကွဲပြီး လူထောင်ချီ နေရပ်စွန့်ခွာသွားရမှုများကြောင့် ဒေသန္တရရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခဲ့သည်။ ၂၀၁၀ တွင် ဟေတီတွင် ပြင်း ထန်စွာငလျင်လှုပ်ခတ်မှုကြောင့် လူနှစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီး သမ္မတရွေးကောက်ပွဲ အစီစဉ်များ ရွှေ့ဆိုင်းခဲ့ရသည်။

၂၀၂၀ တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း နိုင်ငံပေါင်း ၇၀ ကျော်သည် ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲအချို့ (ပြည်နယ် သို့မဟုတ် သမ္မတ သို့မဟုတ် ဒေသန္တရရွေးကောက်ပွဲများ) ကို ရွှေ့ဆိုင်း ခဲ့သည်။[၂] ကျန်နိုင်ငံ ၆၀ ကျော်တွင် ရွေးကောက်ပွဲကို သူ့အချိန်ကာလအတိုင်းသော်လည်းကောင်း၊ အနည်းငယ် နောက်ကျပြီးမှသော်လည်းကောင်း ကျင်းပခဲ့ကြသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများကို သတ်မှတ်အချိန် ဇယားအတိုင်း ပုံမှန်မလွဲမသေကျင်းပရမည်မှာ စံနှုန်းတစ်ခုဖြစ်သည်။ အလားတူပင် နိုင်ငံနှင့်နိုင်ငံသားတို့၏ အသက် အိုးအိမ်တည်ရှိမှုတို့ကို စိန်ခေါ်နေသော အရေးပေါ်အခြေနေများတွင် နိုင်ငံတော်နှင့် နိုင်ငံတော်အဖွဲ့အစည်းများသည် လိုအပ်လျှင် ပြည်သူတို့၏အသက်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးများနှင့်ကိုက်ညီမှုမရှိသော အခြားတာဝန် ဝတ္တရားများကို ရုပ်သိမ်းရမည်ဟုဖော်ပြထားသည်။[၃] အဆိုပါစံနှုန်းနှစ်ခုလုံးသည် ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲ များကိုတိုင်းတာသည့် အခြေခံစံနှုန်းများဖြစ်သည့်အလျောက် ကပ်အတွင်း **ပုံမှန်ရွေးကောက်ပွဲများကျင်းပခြင်းသည် ဒီမိုကရေစီစံနှုန်းဖြစ်သလော၊ လူ့အသက်အန္တရာယ်လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစံနှုန်း ဖြစ်သလော**ဆိုသည်မှာ နိုင်ငံတော်အဖွဲ့စည်းများအကြား၊ ဒီမိုကရက်များအကြား၊ ပညာရှင်များအကြား ဝိရောဓိများနှင့် အငြင်းပွားဖွယ်များဖြစ်ခဲ့သည်။

အချို့နိုင်ငံများသည် လူသားချင်းစာနာငဲ့ညှာမှုများကြောင့်မဟုတ်ဘဲ နိုင်ငံရေးရည်ရွယ်ချက်များကြောင့် ကိုဗစ်ကို အကြောင်းပြု၍ ရွေးကောက်ပွဲများကိုကျင်းပရန် သို့မဟုတ် ရွှေ့ဆိုင်းရန် ဆုံးဖြတ်ကြသည်။ ဥပမာ - ပြည်သူ့သဘောထား စစ်တမ်းများအရ လက်ရှိကာလတွင် ရွေးကောက်ပွဲကျင်းပပါက မိမိပါတီအသာစီးရနိုင်သောကြောင့်၊ အခြား ပြိုင်ဘက် ပါတီများမလှုပ်ရှားနိုင် ခြေချုပ်မိနေချိန်တွင် အားသာချက်ရှိသောကြောင့် အဆိုပါကာလအတွင်း ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကြိုးစားသည်။[၄] တစ်ဘက်တွင်လည်း လူသားချင်းစာနာငဲ့ညှာမှုများကြောင့် ရွေးကောက်ပွဲများ ရွှေ့ဆိုင်း ခြင်းဖြစ်သော်လည်း ရှိထားပြီးသား နိုင်ငံစနစ်အခြေခံအုတ်မြစ်များ လျော့ရဲအားနည်းသွားပြီး ဒီမိုကရေစီဖော်ဆောင် သည့် အဖွဲ့စည်းများ၊ အခင်းကျင်းများ ပြိုကျခြင်း၊ နိုင်ငံရေးစနစ်ပေါ် ယုံကြည်မှုပျက်သုန်းခြင်းများ ဖြစ်ပေါ်နိုင်သည်။[၅]

---

[၁] ကမ္ဘာ့လူ့အခွင့်ရေး ကြေညာစာတမ်း အပိုဒ် ၂၃ (က) တွင် အဆိုပါအချက်ကို ဖော်ပြထားသည်။

[၂] International IDEA (b)

[၃] အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၄) တွင် အဆိုပါအချက်ကို ဖော်ပြထားသည်။

[၄] ဥပမာ ခရိုအေးရှားအစိုးရသည် ရွေးကောက်ပွဲများနောက်ဆုတ်ကျင်းပလျှင် ကိုရိုနာအကျပ်တည်းကြောင့် ဖြစ်ပေါ်လာမည့် စီးပွားရေးနောက်ဆက်တွဲပြဿနာ များကြောင့် ၎င်းတို့အစိုးရ အရေးမလှမည်ကိုစိုးရိမ်၍ ရွေးကောက်ပွဲကို ပုံမှန်ကာလထက်စော၍ ကျင်းပခဲ့သည့်ဟု များစွာဝေဖန်ခံခဲ့ရသည်။

[၅] Toby S. James and Sead Alihodzic, 2020

အချို့နိုင်ငံများတွင် အရေးပေါ်အခြေနေ သို့မဟုတ် နိုင်ငံရေးမတည်ငြိမ်မှုများကို အကြောင်းပြကာ ရွေးကောက်ပွဲအား ရေတို သို့မဟုတ် အကန့်အသတ်မရှိရွှေ့ဆိုင်း၍ အတိုက်ခံများအင်အားချိနဲ့စေရန်နှင့် နိုင်ငံရေးအာဏာဆက်လက်ရယူထားရန် ကြိုးပမ်းမှုများလည်းရှိသည်။[၆]

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူညီပေးရေး နိုင်ငံတကာအဖွဲ့စည်း (International IDEA) ၏ ကိုဗစ်နှင့် ရွေးကောက်ပွဲများဆိုင်ရာ နည်းပညာအကြံပြုစာတမ်းတွင် ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းလိုလျှင် သို့မဟုတ် ဆက်လက် ကျင်းပလိုလျှင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို အကြံပြုထားသည်။ တစ်ချက်မှာ **ရွေးကောက်ပွဲများသည် နိုင်ငံရေးအစီစဉ်များ ဆက်လက်အကောင်ထည်ဖော်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပေးထားချက်များအရ မည်မျှအရေးကြီးသည့် ယန္တရားဖြစ်သည်**ကို ထည့်သွင်းစဉ်းစားရန် လိုသည်ဟုဆိုသည်။ ဥပမာ - နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းများရေးဆွဲရန်၊ ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရန်၊ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက်ဆောင်ရွက်ရန်အတွက် ရွေးကောက်ပွဲများ မရှိမဖြစ်ကျင်းပရန် လိုအပ်ပါသလား။ အခြားတစ်ချက်မှာ - **ကိုဗစ်ကာလတွင်း ကျင်းပသည့် ရွေးကောက်ပွဲများ၏ အရည်အသွေးနှင့်တရားဝင်မှုကို လျော့ပါးထိခိုက်စေမည့် ရွေးကောက်ပွဲ ဟုတ်၊ မဟုတ်** ထည့်သွင်းစဉ်းစားရမည်ဟုဆိုသည်။ ဥပမာ - နိုင်ငံရေးပါတီများ လွတ်လပ်စွာလှုပ်ရှားစည်းရုံးခွင့်၊ ယှဉ်ပြိုင်ခွင့်နှင့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအားလုံး တန်းတူညီမျှစွာပါဝင်ခွင့်၊ ပွင့်လင်းမြင်သာသော၊ သန့်ရှင်းသော ရွေးကောက်ပွဲစီမံခန့်ခွဲမှုစသည်တို့ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ကြိုတင်မဲပေးခြင်း၊ စာတိုက်မှမဲပေးပို့ခြင်းကဲ့သို့ နည်းပညာလိုအပ်ချက် မမြင့်မားသော နည်းလမ်းများသုံးရန်၊ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အကောင်းဆုံး ကြိုတင်စီမံခန့်ခွဲရန် အကြံပြုထားသည်။[၇] ဥပမာ- တောင်ကိုးရီးယားနိုင်ငံတွင် မဲဆန္ဒရှင်များ၏ ၂၆ ရာခိုင်နှုန်းက ကြိုတင်မဲပေးခဲ့ခြင်းဖြစ်ပြီး စင်ကာပူနှင့် မလေးရှားတွင် ကူးစက်ခံရရန် အလားအလာပိုရှိသူ အသက် ၆၅ နှစ်နှင့်အထက်များကို အချိန်သီးသန့် သတ်မှတ်၍ ထိုအချိန်အတွင်းမဲပေးစေခဲ့သည်။ အစ္စရေးတွင် ရောဂါသံသယရှိသူများ သို့မဟုတ် ကူးစက်ခံရမှုများသော နေရာဒေသများအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးရန် အထူးမဲရုံများပြင်ဆင်ထားရှိသည်။[၈] သို့သော် အရေးပေါ်အခြေအနေ လူသားချင်း စာနာငဲ့ညှာမှုများအရ ရွေးကောက်ပွဲများကို **ယာယီရွှေ့ဆိုင်း**ပါက **မည်သည့်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း တိတိပပ ရက်သတ်မှတ်ရွှေ့ဆိုင်းရန်** အရေးကြီးသကဲ့သို့ **မည်သည့်အားသာချက် အားနည်းချက်များကြောင့် ရွှေ့ဆိုင်းရန်ဆုံးဖြတ်သည်ကို** ပွင့်လင်းမြင်သာစွာတင်ပြဆွေးနွေးရန်နှင့် ထိုဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ **နိုင်ငံရေးပါတီများ၏ သဘောတူညီချက်ရရှိရန်** အရေးကြီးသည်ဟုလည်း အကြံပြုထားသည်။[၉]

မြန်မာနိုင်ငံတွင် တကျော့ပြန် ကိုဗစ် ၁၉ ကူးစက်ပြန့်ပွားမှုနှုန်းများနှင့်အတူ နိုင်ငံရေးပါတီအချို့မှ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများ ပြန်လည်ထွက်ပေါ်လာခဲ့သည်။[၁၀] သို့သော် ရွှေ့ဆိုင်းသင့်သည်၊ မရွှေ့ ဆိုင်းသင့်ဟူသောအကြိတ်အနယ် ဆွေးနွေးမှုများမှာ ပါတီများနှင့် သက်ဆိုင်သူများအကြား dialogue အဖြစ် ပီပီပြင်ပြင် ထွက်ပေါ်မလာဘဲ တစ်ပါတီချင်း သို့မဟုတ် ပါတီ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များက သတင်းမီဒီယာများတွင် ၎င်းတို့အမြင်ကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ အိတ်ဖွင့်ပေးစာများပေးပို့ခြင်း

[၆] တပ်မတော်အာဏာသိမ်းမှုများသည် ဤအမျိုးအစားတွင် ပါဝင်သည်။ ဗင်နီဇွဲလားသမ္မတသည် ၂၀၁၆ နှင့် ၂၀၁၈ အတွင်း ရွေးကောက်ပွဲအချို့ကို ရွှေ့ဆိုင်းထားပြီး အတိုက်အခံပါတီများ အင်အားလျော့စေရန်နှင့် ၎င်း၏ပုံရိပ်ကိုမြှင့်တင်ရန် အချိန်ဆွဲခဲ့သည်ဟုဆိုသည်။

[၇] International IDEA (a)

[၈] အဆိုပါနည်းလမ်းများသည် မိမိနိုင်ငံနှင့်ကိုက်ညီမှုရှိမရှိ သို့မဟုတ် အကောင်ထည်ဖော်ရန် အရင်းမြစ်များ ရှိမရှိတို့ပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။

[၉] International IDEA (a)

[၁၀] အောက်တိုဘာလ ၉ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ ကူးစက်ခံရသူပေါင်းမှာ ၂၃၉ ၀၆ ဦး ရှိခဲ့ပြီး ဆုံးပါးခဲ့သူပေါင်းမှာ ၅၆၆ ဦး ရှိနေပြီဖြစ်သည်။

ကဲ့သို့သာ ရှိခဲ့သည်။[၁၁] ယခုစာတမ်းတွင် အဆိုပါအမြင်များ၊ သတင်းမီဒီယာဖော်ပြချက်များ၊ အိတ်ဖွင့်ပေးစာများကို သုတေသနပြုလေ့လာထားသည့်အပြင် ရန်ကုန်နှင့် ပြည်နယ်အခြေစိုက်ပါတီပေါင်း ၁၁ ခု ၏ သဘောထားများကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ပါသည်။ စုစုပေါင်း (၁၉) ပါတီ၏ အမြင်သဘောထားများနှင့် စဉ်းစားချက်များကို စုစည်း၍ ယခုစာတမ်းတွင် ဒီမိုကရေစီနှင့်ရွေးကောက်ပွဲ၏ တရားဝင်မှုဆိုင်ရာပေါ် ၎င်းတို့၏အမြင်ဝိရောဓိများကို သုံးသပ်တင်ပြထားပါသည်။[၁၂]

## ပါတီများ၏ အမြင်စဉ်းစားချက် လေ့လာစုစည်းမှု

လေ့လာမှုအရ ရွေးကောက်ပွဲကိုရွှေ့လိုသူ ပါတီများနှင့် မရွှေ့လိုသူပါတီများ၏ စဉ်းစားချက်များသည် အဓိကအချက် (၄) ခုပေါ်တွင် မူတည်နေသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ ၁) ဒီမိုကရေစီတန်ဖိုးများပေါ် ထည့်သွင်းစဉ်းစားချက်၊ ၂) ပြည်သူ့ကျန်းမာရေးဆိုင်ရာထည့်သွင်းစဉ်းစားချက်၊ ၃) နိုင်ငံရေးအကျပ်အတည်း အလားအလာများပေါ် ထည့်သွင်းစဉ်းစားချက်၊ ၄) လက်တွေ့ကျမှုနှင့် ပါတီ၏ပကတိအခြေနေဆိုင်ရာ ထည့်သွင်းစဉ်းစားချက်တို့ ဖြစ်ပါသည်။

### ၁) ဒီမိုကရေစီတန်ဖိုးများအပေါ် ထည့်သွင်းစဉ်းစားချက်

ရွေးကောက်ပွဲအားရွှေ့ဆိုင်းသင့်သည်ဟု အမြင်ရှိသောပါတီများသည် ကိုဗစ်ကာလတွင် မဲဆွယ်စည်းရုံးမှုများကို အကန့်သတ်ဖြင့်သာ ဆောင်ရွက်ရသောကြောင့် **ပါတီ၏မူဝါဒ၊ ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲ ကတိကဝတ်များကို ပြည်သူများကသိရှိပြီး စိတ်ကြိုက်ရွေးချယ်ခွင့် မရရှိမည်စိုးသောကြောင့်** ရွှေ့သင့်သည်ဟုဆိုသည်။ ပါတီကိုယ်စားလှယ်တစ်ဦးက ပြည်သူလူထုနှင့်ထိတွေ့၍ ပါတီ၏မူဝါဒများကို မဲဆန္ဒရှင်ပြည်သူများသိရှိအောင် ထိထိရောက်ရောက် မတင်ပြနိုင်ဟုဆိုသည်။ ပါတီကိုယ်စား လှယ်အချို့က မဲဆွယ်ကာလ အခက်ခဲတစ်ခုမှာ လူအများဖြင့် စည်းရုံးပြီး မဲဆွယ်ခွင့်မရှိသည့်အတွက် ပါတီ၏အဓိက သတင်းစကား၊ ကတိကဝတ်များကို ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်ခြင်းမရှိဟုဆိုသည်။ ထို့အပြင် အချို့မဲဆန္ဒရှင်များ ရှိသည့် တောင်ပေါ်ဒေသများသည် သွားရခက်ခဲသကဲ့သို့ နေရာအနှံ့အပြားလည်း မရောက်ရှိနိုင်၍ တစ်ရက်တိုးလျှင်တိုးသလောက် ပါတီများအတွက် အကျိုးရှိသည်ဟုဆိုသည်။

ရွေးကောက်ပွဲကို ဆက်လက်ကျင်းပလိုသူများက ရွေးကောက်ပွဲအား **၅ နှစ် တစ်ကြိမ် ပုံမှန်လုပ်သင့်ပြီး** ပြည်သူတွေမှာ **မဲပေးခွင့်**ရှိသည့်အတွက်ဟု ဖြေကြားခဲ့သည်။ တစ်ဘက်တွင်လည်း ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုသူများက **မဲထွက်ပေးမည့်သူနည်း၍** ရွေးကောက်ပွဲ အရည်အသွေးထိခိုက်မည်၊ **ကိုယ်စားပြုမှုအား နည်းသည့် ရွေးကောက်ပွဲနှင့် ဒီမိုကရေစီကွက်ကျားမိုး**ဖြစ်မည်ကို စိုးရိမ်သည်ဟုဆိုသည်။ ပါတီကိုယ်စားလှယ်အချို့က ပြည်သူများအနေဖြင့် လက်ရှိအချိန်တွင် ရွေးကောက်ပွဲကို စိတ်မဝင်စားသကဲ့သို့ ရွေးကောက်ပွဲများက တစ်နိုင်ငံလုံးအတိုင်းတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သင့်ပြီး ရခိုင်ကဲ့သို့ စစ်ဘေးဒဏ်ခံဒေသများတွင် **ပြည်သူများက စစ်မှန်သောသဘောထား** မဖော်ပြနိုင်မည်ကို စိုးရိမ်သည်ဟုဆိုသည်။[၁၃] PACE ၏ အစီရင်ခံစာတွင် ၂၀၁၅ နှင့် နှိုင်းယှဉ်ပါက ပြည်သူများ၏နိုင်ငံရေးပေါ် စိတ်ဝင်စားမှု ကျဆင်းနေပြီး ဖြေဆိုသူထက်ဝက်ခန့်ကသာ ရွေးကောက်ပွဲတွင် ကျိန်းသေမဲထွက်ပေးမည်ဟုဆိုသည်။[၁၄]

ရောဝတီ၏သတင်းမေးမြန်းချက်တွင် ဖြေကြားခဲ့သူ မဲဆန္ဒရှင်အချို့က ရောဂါကူးစက်မှု လျော့သွားလျှင် မဲပေးချင်သော်လည်း ယခုကဲ့သို့ဆိုးရွားနေလျှင် မိသားစုကို ကူးစက်လာနိုင်တဲ့အတွက် မဲသွားထည့်ဖြစ်မည်မဟုတ်ဟုသော်လည်း

---

[၁၁] ရွေးကောက်ပွဲရွှေ့ ဆိုင်းရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပါအဝင် ၂၄ ပါတီမှ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်သို့ အိတ်ဖွင့်ပေးစာပို့ခဲ့ပြီး အခြားပါတီအချို့သည်လည်း သီးသန့်အိတ်ဖွင့်ပေးစာများပေးခဲ့သည်။ စက်တင်ဘာလ ၁၉ ရက်နေ့ကပြုလုပ်သည့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍဆိုင်ရာ အွန်လိုင်း တွေ့ဆုံပွဲတွင် ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားပြီးဖြစ်၍ ကိုဗစ်ကြောင့် ရွေးကောက်ပွဲမရွှေ့ဟု မှတ်ချက်ပြုခဲ့သည်။

[၁၂] သတင်းမီဒီယာဖော်ပြချက်များတွင် မှတ်ချက်မပြုခဲ့သော နိုင်ငံရေးပါတီများအား ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ပြီး နိုင်ငံရေးလေ့လာသုံးသပ်သူ၊ ဥပဒေပညာရှင်များ၏ ရွေးကောက်ပွဲ ရွှေ့ခြင်း၊ မရွှေ့ခြင်းဆိုင်ရာ အမြင်သဘောထားများနှင့် ဥပဒေဆိုင်ရာ ဆွေးနွေးချက်များကိုလည်း လေ့လာတင်ပြထားပါသည်။

[၁၃] လက်ရှိတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် စစ်ဘေးရှောင် ၃ သိန်းခန့် ရှိနေသည်။

[၁၄] PACE ၏ လူထုသဘောထားအမြင်စစ်တမ်းတွင် နိုင်ငံသားများ၏ သဘောထားအမြင်ကိုသိရှိရန် တွေ့ ဆုံမေးမြန်းမှု ပေါင်း ၂၅၇၇ ခု ပြုလုပ်ထားသည်ဟုဆိုသည်။

ကောင်း၊ မဲထည့်ရာတွင် ရောဂါပိုးမကူးစက်နိုင်ရန် ကော်မရှင်ဘက်မှ စနစ်တကျစီစဉ်ထားရန်လိုအပ်ပြီး မိမိကိုယ်တိုင်လည်း ရောဂါပိုးမကူးစက်နိုင်ရန် မျက်နှာဖုံးများ၊ လက်အိတ်များစွပ်၍ မဲထည့်မည်ဟူ၍လည်းကောင်း၊ ရွေးကောက်ပွဲနေ့တွင် လူများနိုင်သည့်အတွက် ကြိုတင်မဲထည့်မည်ဟူ၍လည်းကောင်း၊ ရွေးကောက်ပွဲကြောင့် ရောဂါရသူများလာနိုင်ပြီး ရွေးကောက်ပွဲပြုလုပ်သည့်ရက်ကို ရွှေ့လျှင်ကောင်းသည်ဟူ၍လည်းကောင်း ဖြေကြားထားသည်။ International IDEA ၏ သတင်းအချက်လက်ဒေတာများအရ ရောဂါပိုးကူးစက်မှုနှုန်းနှင့် မဲထွက်ပေးမှုပမာဏမှာ အဆက်စပ်ရှိနေသည်ဟုဆိုသည်။ ကူးစက်မှုနှုန်းတန့်နေခဲ့သော တောင်ကိုးရီးယားနိုင်ငံ ရွေးကောက်ပွဲတွင် မဲထွက်ပေးမှုနှုန်းမြင့်ခဲ့ပြီး ကူးစက်မှုနှုန်းဆက်လက်မြင့်တက်နေခဲ့သော ဩစတေးလျနှင့် ပြင်သစ်နိုင်ငံ ရွေးကောက်ပွဲများတွင် မဲထွက်ပေးမှုနှုန်းကျနေခဲ့သည်ကိုတွေ့ရသည်။ အလားတူ ဒေသန္တရရွေးကောက်ပွဲများ၊ မြို့တော်ဝန်ရွေးကောက်ပွဲများသည် အတိုင်းတာသက်ရောက်မှုအရ အထွေထွေရွေးကောက်ပွဲများ သမ္မတရွေးကောက်ပွဲများကဲ့သို့ နိုင်ငံရေးအရ မကြီးကျယ်သဖြင့် ကိုဗစ်ကာလတွင် ထိုရွေးကောက်ပွဲများကျင်းပပါက ကျန်းမာရေးစိုးရိမ်ချက်များကြောင့် မဲထွက်ပေးမှုနှုန်းကျနိုင်ပြီး အဆိုပါရွေးကောက်ပွဲများကို ရွှေ့ဆိုင်းရန် စဉ်းစားရသည်မှာလည်း ပို၍လွယ်ကူသည်။

## ၂) ကျန်းမာရေးဆိုင်ရာ စဉ်းစားချက်

ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုသူပါတီများက ပြည်သူ့ကျန်းမာရေးသည်အဓိကဖြစ်ပြီး လက်ရှိတွင် ရောဂါကူးစက်မှုများမှာ ပိုမိုဆိုးရွားလာသည့်အပြင်၊ **မဲဆွယ်စည်းရုံးခြင်းကြောင့် ကူးစက်မှုများပိုမိုတိုးပွားလာမည်၊ မဲပေးစဉ်တွင် လူစုလူဝေးများဖြစ်ပေါ်ပြီး ကူးစက်မှုများ ပိုမိုတိုးပွားလာမည်စိုးသောကြောင့်** ရွှေ့သင့်သည်ဟုဆိုသည်။ ပါတီကိုယ်စားလှယ်တစ်ဦးက ရောဂါကူးစက်မှုနှုန်းမတက်လာစေဖို့က နံပါတ် ၁ ရွေးကောက်ပွဲက နံပါတ် ၂ ဖြစ်သင့်သည်ဟုဆိုသည်။ အခြားပါတီကိုယ်စားလှယ်တစ်ဦးက လူ့အသက်ကို ပိုအလေးထားဖို့လိုပြီး အာဏာရခြင်းသည် အဓိကမဟုတ်ဘဲ လူတွေရှိမှသာ တိုင်းပြည်တွင် နိုင်ငံရေးအဝန်းအဝိုင်းတွေ တည်ဆောက်နိုင်မည်ဟုဆိုသည်။ ရွေးကောက်ပွဲရှိလျှင် အုပ်စုနိုင်ရေးဖြစ်လာသည်၊ မရွှေ့လျှင် အချို့ပါတီမဲဆွယ်စည်းရုံးရေးများကိုလည်း ရပ်ဖို့ခက်သည်၊ ကိုဗစ်မကူးစက်ရန်ဆိုလျှင် ရွေးကောက်ပွဲကို တစ်ရက်နောက်ဆုတ်လည်း တစ်ရက်အကျိုးရှိသည်ဟု ကိုယ်စားလှယ်အချို့ကဖြေသည်။

ရွေးကောက်ပွဲကို မရွှေ့ဆိုင်းလိုသူပါတီများက ကိုဗစ် ၁၉ ကူးစက်ရောဂါသည် ကာကွယ်ဆေး၊ ကုသဆေးမပေါ်သေးသည့်အတွက် **မည်သည့်အချိန်မှပပျောက်သွားမည်ကို သေချာမသိရှိသည့်အတွက် ရွေးကောက်ပွဲကို** မရွှေ့သင့်ဟုဆိုသည်။ ပါတီကိုယ်စားလှယ်တစ်ဦးက ရွေးကောက်ပွဲကို နောက်ဆုတ်လျှင် နောက်ဆုတ်ထားသည့် ကာလအတွင်း ရောဂါကိုထိန်းချုပ်နိုင်မည် မထိန်းချုပ်နိုင်ကို မည်သူမျှ အာမမခံနိုင်သကဲ့သို့ ရွေးကောက်ပွဲနောက်ဆုတ်ခြင်းဖြင့်လည်း ရောဂါကို ကာကွယ်နိုင်မည်ဟုမဆိုနိုင်သည့်အတွက် ရွေးကောက်ပွဲကို မရွှေ့စေလိုဟုဆိုသည်။ အခြားပါတီကိုယ်စားလှယ်တစ်ဦးကလည်း ရောဂါဖြစ်ပွားမှုများကြားမှ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံများတွင်လည်း ရွေးကောက်ပွဲအား အောင်အောင်မြင်မြင်ကျင်းပနိုင်သည့်အတွက် နိုင်နိုင်နင်းနင်းစီမံခန့်ခွဲမည်ဆိုပါက ရွေးကောက်ပွဲအား ရွှေ့စရာမလိုဟုဆိုသည်။ [၁၅]

ကပ်ရောဂါအတွင်း ရွေးကောက်ပွဲများကိုကျင်းပရာတွင် ကူးစက်ခံရနိုင်ခြေအများဆုံးသောအုပ်စုများမှာ မဲရုံဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုမဲဆန္ဒရှင်များဖြစ်သည်။ ကိုဗစ်ရွေးကောက်ပွဲသည် နဂိုရွေးကောက်ပွဲများထက် ပိုမိုအကုန်အကျများပြီး အရေးပေါ်အခြေအနေ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လိုအပ်လာနိုင်သည့် လူအင်အား၊ ငွေအင်အားအရင်းမြစ်များကို အသုံးပြုရခြင်းလည်းဖြစ်နိုင်သည်။ ထိုအချက်ကိုအကြောင်းပြု၍ မွန်ဂိုလီးယားအစိုးရက ရွေးကောက်ပွဲကျင်းပစရိတ် ကုန်ကျမည့်ငွေများကို စုဆောင်းရန်နှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး

---

[၁၅] ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှလည်း တောင်ကိုရီးယားရွေးကောက်ပွဲများကို နမူနာယူသည်ဟုဆိုသည်။

*“ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲရုံပေါင်း ၄၀၀၀၀ ကျော်နှင့် မဲရုံမှူးများ၊ ဒုမဲရုံမှူးများအတွက် ဆရာ/ဆရာမ ၂ သိန်းကျော်၊ လုံခြုံရေးဝန်ထမ်းပေါင်း ၄၀၀၀၀ ကျော်ကို ခန့်အပ်သွားမည်ဟု လျာထားသည်။ မဲရုံဝန်ထမ်းများသည် ပညာရေးဝန်ထမ်းအများစုဖြစ်သောကြောင့် အသက်အရွယ်ကြီးသော စီနီယာ ဆရာ၊ ဆရာမများ၏ ကျန်းမာရေးအတွက် အထူးစောင့်ရှောက်မှု လိုအပ်ပေမည်။ ရွေးကောက်ပွဲမတိုင်မီ မဲရုံမှူးများနှင့် တာဝန်ကျ မဲရုံဝန်ထမ်းများကို ကိုဗစ်ရောဂါပိုး ရှိ၊ မရှိ စစ်ပေးနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်သည်။*

ကျဆင်းမှုဒဏ်ကို ခုသာခံသာရှိစေရန် ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းရန် အကြံပြုခဲ့သည်။[၁၆] အများလေးစားအတု ယူရသော တောင်ကိုရီးယား၏မဲရုံ စီမံခန့်ခွဲမှုများတွင် ကာကွယ်ရေးဝတ်စုံများ၊ လက်သန့်စင်ဆေးများ၊ မျက်နှာဖုံးနှင့် မျက်နှာအကာများ၊ ပိုးသတ်ဆေးများ၊ လက်အိတ်များစသည့် ကိုဗစ်ကာကွယ်ရေးပစ္စည်းများကို အသုံးပြုရသည့်အပြင် မဲရုံများတိုးချဲ့ခြင်း၊ ကြိုတင်မဲပေးရက်များတိုးချဲ့ခြင်းတို့အတွက် မဲရုံဝန်ထမ်းအင်အား ယခင်ထက် ၂ သောင်းကျော် ထပ်မံတိုးမြှင့်ခန့်ထားခဲ့ရသည့်အတွက် ငွေကုန်ကြေးကျများခဲ့သည်။[၁၇]

### ၃) နိုင်ငံရေးအကျိုးဆက် ဆိုင်ရာ စဉ်းစားချက်

ရွေးကောက်ပွဲမရွှေ့ဆိုင်းလိုသူပါတီများက **အစိုးရအုပ်ချုပ်ရေး ယန္တရားကြီး မခိုင်မာသေး၍၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အားနည်းသွားနိုင်၍၊** ကိုဗစ်ကြောင့်ဖြစ်သည့် စီးပွားရေးအကျပ်တည်း၊ ကျန်းမာရေး အကျပ်တည်း၊ နိုင်ငံရေးအကျပ်တည်းများ ပိုမိုဆိုးရွားလာနိုင်၍၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မသေချာမှုများရှိ၍ ရွေးကောက်ပွဲကို မရွှေ့ဆိုင်းသင့်ဟုဆိုသည်။ ပါတီကိုယ်စားလှယ်တစ်ဦးက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ (၅)နှစ်အလွန် မေးခွန်းကို မည်သူမှမဖြေနိုင်သည့်အတွက်၊ အစိုးရသက်တမ်းကုန်လျှင် ဘာဖြစ်မည်ကို မည်သူမှ ယတိပြတ် မဆုံးဖြတ်နိုင်သည့်အတွက် မရွှေ့ဆိုင်းသင့်ဟုဆိုသည်။ အခြားပါတီ ကိုယ်စားလှယ်တစ်ဦးက နိုင်ငံရေးအကျပ်အတည်း မဖြစ်ခင် ရွေးကောက်ပွဲကျင်းပသင့်ပြီး ရွှေ့ဆိုင်းခြင်းဖြင့် သက်တမ်းကြာရှည်သွားပါက လက်ရှိလွှတ်တော်နှင့် နောက်တက်လာမည့် လွှတ်တော်နှစ်ရပ်ကြားကွာဟမှုတွေရှိလာမည့်အပြင် နိုင်ငံအုပ်ချုပ်ရေးတွင် အခက်အခဲဖြစ်လာနိုင်၍ ဒီမိုကရေစီအသွင် ကူးပြောင်းရေး အားနည်းသွားနိုင်၍ မရွှေ့ဆိုင်းသင့်ဟု ဆိုသည်။ အခြားပါတီကိုယ်စားလှယ်တစ်ဦးက ပါတီတွေ အနေဖြင့် မဲဆွယ်တာကိုလုပ်ဆောင်နေပြီး ပိုက်ဆံများအသုံးပြုပြီးဖြစ်နေသည်၊ သတ်မှတ်သည့်အချိန်တွင် ရွေးကောက်ပွဲများ မကျင်းပနိုင်လျှင် နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သည်ဟုဆိုသည်။ အခြားပါတီ ကိုယ်စားလှယ်တစ်ဦးက ရွေးကောက်ပွဲမလုပ်ဖြစ်လျှင် အစိုးရအနေဖြင့် ဆက်လက်ရှိမည်ဖြစ်သော်လည်း လွှတ်တော်ရပ်သွားမည်ဖြစ်ပြီး လွှတ်တော်ရပ်သွားပါက အခြေခံဥပဒေပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်နိုင်မည်မဟုတ်ဟုဆိုသည်။

---

[၁၆] သို့သော်အတိုက်အခံပါတီများက သဘောမတူသဖြင့် ရွေးကောက်ပွဲမရွှေ့ဆိုင်းဖြစ်ဘဲ သတ်မှတ်ကာလအတိုင်း ကျင်းပခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့် ကာလတွင် ကူးစက်မှုများ မများသည့် ကာလဖြစ်၍ အကျိုးဆက် များများစားစားမရှိခဲ့ပါ။

[၁၇] တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များလိုက်နာရမည့် ကျင့်ဝတ်ကို ထုတ်ပြန်ခဲ့ပြီး ထိုကျင့်ဝတ်တွင် မဲပေးမည့်သူတိုင်း လက်အိတ်များမဖြစ်မနေဝတ်ရန်ပါသကဲ့သို့ ထိုလက်အိတ်များအတွက်လည်း ကုန်ကျခဲ့သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲရုံပေါင်း ၄၀၀၀၀ ကျော်နှင့် မဲရုံမှူးများ၊ ဒုမဲရုံမှူးများအတွက် ဆရာ/ဆရာမ ၂ သိန်းကျော်၊ လုံခြုံရေးဝန်ထမ်းပေါင်း ၄၀၀၀၀ ကျော် ကို ခန့်အပ်သွားမည်ဟု လျာထားသည်။ မဲရုံဝန်ထမ်းများသည် ပညာရေးဝန်ထမ်း အများစုဖြစ်သောကြောင့် အသက်အရွယ်ကြီးသော စီနီယာ ဆရာ၊ ဆရာမများ၏ ကျန်းမာရေးအတွက် အထူးစောင့်ရှောက်မှုလိုအပ်ပေမည်။ ရွေးကောက်ပွဲမတိုင်မီ မဲရုံမှူးများနှင့် တာဝန်ကျ မဲရုံဝန်ထမ်းများကို ကိုဗစ်ရောဂါပိုး ရှိ၊ မရှိ စစ်ပေးနိုင်မည်ဆိုလျှင် ပိုမိုကောင်းမွန်သည်။

ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုသူပါတီများက နိုင်ငံရေးအကျပ်အတည်းမဖြစ်ရန် ဒီဇင်ဘာလ နောက်ဆုံးပတ် သို့မဟုတ် ဇန်နဝါရီလရှေ့ဆုံးပတ်ထိ နောက်ဆုတ်လို့ရသည်ဟုဆိုသည်။ ဖုန်းဖြင့်ဖြေကြားခဲ့သူ ပါတီကိုယ်စားလှယ်များ အားလုံးက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုသည်ဆိုသော်လည်း လွှတ်တော်သက်တမ်းအတွင်းသာ ရွှေ့ဆိုင်းလိုခြင်းဖြစ်သည်ဟုဆိုခဲ့သည်။ အခြားသော နိုင်ငံရေးလေ့လာသုံးသပ်သူများနှင့် ဥပဒေပညာရှင်အချို့က လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားသည့် ယန္တရားသည် နောက်ထပ်တာဝန်ယူမည့် ယန္တရားမတက်လာမချင်းတာဝန်ယူရမည်ဖြစ်သောကြောင့် အကျပ်အတည်းဖြစ်စရာမရှိဟူ၍လည်းကောင်း၊ ပုဒ်မ ၂၁၂ အရ သမ္မတသည် ဝန်ကြီးများကို ဦးဆောင်၍ အုပ်ချုပ်ရေးယန္တယားကို လုပ်ဆောင်နိုင်သည်ဟူ၍လည်းကောင်း၊ အခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပရမည့် ကာလကျော်လွန်သည်အထိ ရွေးကောက်ပွဲမကျင်းပနိုင်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် သမ္မတ၏အကူအညီကို ရယူရမည်ဖြစ်ပြီး သမ္မတက ကာလုံနှင့်ညှိနှိုင်း၍ ပုဒ်မ ၄၁၅ အရ အရေးပေါ်အခြေအနေ ကြေညာနိုင်မည်ဖြစ်သည်ဟူ၍လည်းကောင်း၊ သမ္မတဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌဖြစ်စေ၊ ရွေးကောက်ပွဲကော်မရှင်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက အရေးပေါ်ဆိုင်ရာအခြေအနေ အနက်အဓိပ္ပာယ် ဖွင့်ဆို၍ ရွေးကောက်ပွဲများကိုရွှေ့လို့ဖြစ်နိုင်သည်ဟူ၍လည်းကောင်း ဆွေးနွေး ထားသည်။[၁၈]

> ကပ်အတွင်း ပုံမှန်ရွေးကောက်ပွဲများကျင်းပခြင်းသည် ဒီမိုကရေစီစံနှုန်း ဖြစ်သလော၊ လူ့အသက်အန္တရာယ် လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစံနှုန်းဖြစ်သလောဆိုသည်မှာ နိုင်ငံတော် အဖွဲ့စည်းများအကြား၊ ဒီမိုကရက်များအကြား၊ ပညာရှင်များအကြား ဝိရောဓိများနှင့် အငြင်းပွားဖွယ်များဖြစ်ခဲ့သည်။

စင်ကာပူနိုင်ငံတွင် အတိုက်အခံခေါင်းဆောင်များက ရွေးကောက်ပွဲရွှေ့ဆိုင်းရန် အကြံပြုရာတွင် အာဏာရအစိုးရဘက်မှ ထိုအကြံပြုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီကြောင်း၊ ကိုဗစ်ရောဂါကူးစက်မှုကဲ့သို့ အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် အင်အားကောင်းသော အစိုးရတစ်ရပ်ကိုသာ လိုအပ်ပြီး ကြားကာလ အိမ်စောင့်အစိုးရဖွဲ့စည်းခြင်းက လိုအပ်သည့် ဦးဆောင်မှုကို ပေးနိုင်မည် မဟုတ်သည့်အတွက် ရွေးကောက်ပွဲများကို သတ်မှတ်ရက်အတိုင်းသာ ကျင်းပမည်ဟု တုံ့ပြန်ခဲ့သည်။[၁၉] ယခုလေ့လာမှုတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီများ အကြားတွင် သက်တမ်းကာလကျော်လွန်၍ ရွေးကောက်ပွဲများ မကျင်းပနိုင်ခဲ့ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်အခြေနေများပေါ်တွင် နားလည်မှုမတူညီသကဲ့သို့၊ ရှင်းလင်းမှုလည်း မရှိပါ။ သို့သော် ပါတီကိုယ်စားလှယ်တစ်ဦးက နိုင်ငံတော်အနေဖြင့် ကိုဗစ်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးများကို သက် ဆိုင်ရာအဖွဲ့စည်းအသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည်ဆိုပါက အမျိုးသားပြန်လည်သင့်မြတ်ရေးအထိ လုပ်ဆောင်နိုင်မည်ဟုဆိုသည်။

## ၄) လက်တွေ့ကျမှုနှင့် ပါတီ၏ ပကတိအခြေနေဆိုင်ရာ သုံးသပ်ချက်

ကိုဗစ်ကာလစည်းမျဉ်းစည်းကမ်းများနှင့် ရွေးကောက်ပွဲကို သတ်မှတ်ထားသည့် ရက်အတိုင်းကျင်းပမည် သို့မဟုတ် ရွှေ့ဆိုင်းမည်စသည့် ဆုံးဖြတ်ချက်

---

[၁၈] ထိုသုံးသပ်ချက်များထဲမှ အချို့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်မှ မောင်စာဂအမည်ဖြင့် ရေးသားထားသော ဥပဒေသုံးသပ်ချက်ဆောင်းပါးများကို ကိုးကားပြောဆိုထားသည်များလည်း ပါဝင်သည်။

[၁၉] စင်ကာပူနိုင်ငံ အခြေခံဖွဲ့စည်းပုံအရ လွှတ်တော်ဖျက်သိမ်းပြီး ၃ လအတွင်း ရွေးကောက်ပွဲကျင်းပရန် လိုအပ်သည်။ စင်ကာပူလွှတ်တော်မှ လွှတ်တော်ရွေးကောက်ပွဲများ ကိုဗစ် ၁၉ အထူးစီမံချက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအတိုင်း ရွေးကောက်ပွဲများကို အန္တရာယ်ကင်းစေရန် ကျင်းပခဲ့သည်။

များက ပါတီတစ်ခုနှင့်တစ်ခု ပေါ်သက်ရောက်မှုခြင်းမတူညီပါ။ အလားတူ **လက်တွေ့ကြုံတွေ့ရသည့် အခက်ခဲများ သို့မဟုတ် အကျိုးကျေးဇူးများသည်လည်း တစ်ပါတီနှင့်တစ်ပါတီ မတူညီသည့်အလျောက်** ရွေးကောက်ပွဲအပေါ် သဘောထားများလည်း ကွာခြားကြသည်။

ရွေးကောက်ပွဲကို မရွှေ့ဆိုင်းလိုသူပါတီများက ရွေးကောက်ပွဲရှည်ကြာလျှင် ရှည်ကြာသလောက် မဲဆွယ်ရန်ပုံငွေ အခက်ခဲရှိလာနိုင်သောကြောင့် မရွှေ့ဆိုင်းလိုပေ။ နဂိုကာလများနှင့်မတူဘဲ မဲဆွယ်စည်းရုံးရေးဆင်းရာတွင် ကိုဗစ် အကာအကွယ်ပစ္စည်းများပါ အသုံးပြုရသည့်အတွက် ရွေးကောက်ပွဲ ကုန်ကျ စရိတ်များသည်ဟု ပါတီများကဆိုသည်။ ပါတီကိုယ်စားလှယ်တစ်ဦးက ရွေးကောက်ပွဲရှည်ကြာလျှင် ပါတီနှင့်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်ရန်ပုံငွေ အကုန်ကျခံရန်မတတ်နိုင်သောကြောင့် မရွှေ့စေလိုဟုဆိုသည်။ အခြားကိုယ်စားလှယ်တစ်ဦးက လက်ရှိရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည့်ရက်နှင့်မဲဆွယ်မည့်ကာလများသည်မဲဆန္ဒရှင်များနှင့်ထိတွေ့ရန်လွယ်ကူသည့်အပြင် ရွေးကောက်ပွဲကျင်းပမည့် **နိုဝင်ဘာလသည် ၎င်းတို့၏မဲဆန္ဒရှင်များ အလုပ်အားကြသည့်ကာလ ဖြစ်သည့်အလျောက် မဲလာပေးနိုင်**ချေများသောကြောင့် မရွှေ့စေလိုဟုဆိုသည်။ ပါတီတစ်ခုက လက်ရှိအခြေနေတွင် မဲဆွယ်စည်းရုံးရသည်မှာအဆင်ပြေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲရွှေ့ဆိုင်းရန်ဆုံးဖြတ်ပါက ၎င်းတို့ အနေဖြင့် ကန့်ကွက်သွားရန်ရှိမရှိကို ပါတီတွင်း ပြန်လည်ညှိနှိုင်းသွားမည် ဟုဆိုသည်။

အခြားနိုင်ငံများတွင် ပါတီကြီးများနှင့်အပြိုင် တစ်အိမ်တက် တစ်အိမ်ဆင်း မဲဆွယ်စည်းရုံးခြင်း၊ လူထုစည်းဝေးမှုများ လုပ်ဆောင်ရန် ရန်ပုံငွေမတတ်နိုင် သော ပါတီငယ်လေးများသည် ကိုဗစ်ကာလတွင် အွန်လိုင်းမှ မဲဆွယ်စည်းရုံးမှုများကို အကုန်ကျသက်သာစွာဖြင့် လုပ်ဆောင်နိုင်သဖြင့် ၎င်းတို့အတွက် အားသာချက်များရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကြောင့် ယခင်ကဲ့သို့ ပါတီကြီးများ ငွေအင်အားသုံး၍ လူထု စည်းရုံးမှုများ မလုပ်နိုင်သည့်အတွက် ပါတီငယ်များအတွက် ပိုနေမြဲကျားနေမြဲ အခွင့်သာခဲ့သည်။ ပါတီကိုယ်စားလှယ် တစ်ဦးက ရွေးကောက်ပွဲ ရွှေ့သည် ဖြစ်စေ၊ မရွှေ့သည်ဖြစ်စေ ပါတီအတွက် ထူးခြားသည့်အပြောင်းအလဲ ရှိမည်မဟုတ် ဟုဆိုသည်။ ရခိုင်ကဲ့သို့သောဒေသများတွင် စစ်ဖြစ်ပွားမှုများကြောင့် အင်တာနက်များ တွင်ကျယ်စွာသုံးမရသကဲ့သို့ ပါတီလှုပ်ရှားမှုများမှာလည်း အတားအဆီးများရှိနေခဲ့သည်။ အခြားပါတီကိုယ်စားလှယ်တစ်ဦးက ကိုဗစ်ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ပါတီအားလုံးက တပြေးညီလိုက်နာလျှင် အားလုံးညီတူဖြစ်မည်၊ ထိခိုက် လျှင် အားလုံးညီတူထိခိုက်မည်ဖြစ်သည်ဟုဆိုသည်။

သို့သော် အွန်လိုင်းမှမဲဆွယ်မှုများပြုလုပ်ရန်မှာ မြို့ပြနှင့်ကျေးလက်ကွာခြားပြီး ကျေးလက်နှင့်တောင်ပေါ်ရှိ မဲဆန္ဒနယ် များမှာ နည်းပညာအားနည်းမှုများ ရှိသည့်အတွက် အဆိုပါအကျိုးကျေးဇူးများ အပြည့်အဝမရသည်များရှိသည်။ PACE ၏ အစီရင်ခံစာတွင် နိုင်ငံသားများအနေဖြင့် နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်များကို ရုပ်မြင် သံကြားမှ အဓိကရရှိပြီး ဖြေဆိုခဲ့သူလူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်သာ အင်တာနက်အွန်လိုင်း၊ Facebook လူမှုကွန် ရက်မှရရှိသည်ဟုဆိုသည်။ ဖြေကြားသူကိုယ်စားလှယ်အချို့က ပါတီနှင့်ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ ခရီးထွက်လျှင် Quarantine ဝင်ရန်လိုအပ်ခြင်း၊ အချို့ရွာများတွင် လာရောက်မဲဆွယ်သူများအား အဝင်မခံခြင်း စသည့် အခက်ခဲများကြုံတွေ့ရသည်ဟုဆိုသည်။ ရန်ကုန်တွင်အခြေစိုက်သော နိုင်ငံရေးပါတီ (အထူးသဖြင့် ပါတီသစ်) များနှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များသည်လည်း မြေပြင်တွင် မဲဆွယ်စည်းရုံးမှုများ၊ လူထုနှင့်တွေ့ဆုံမှုများ လုံးဝ မပြုလုပ်နိုင်ဘဲ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မဲဆွယ်ရန် ပါတီကိုယ်စားလှယ်လောင်း ဆိုင်းဘုတ် များထောင်၍ရသော်လည်း မဲဆန္ဒရှင်များမှာ အိမ်ထဲတွင်သာနေရသောကြောင့် ထူးခြားမည်မဟုတ်ဟု ပါတီကိုယ်စားလှယ် တစ်ဦးကဆိုသည်။ [၂၀]

[၂၀] ထိုပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းများကို နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ဖတ်ရှုတင်ပြခွင့်ရသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စာသားစိစစ် ဆင်ဆာဖြတ်တောက်မှုများကြောင့် ဆက်လက်မတင်ပြတော့သည့် ပါတီအချို့ရှိသည်။

# နိဂုံး

ရွေး ဆိုင်းလိုသူပါတီများနှင့် မရွေး ဆိုင်းလိုသူပါတီများသည် မိမိနှင့်အမြင်မတူသော ပါတီများ၏ ရပ်တည် ချက်ကို လေးစားပြီး မည်သို့ပင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆုံးဖြတ်သည်ဖြစ်စေ အကျိုးကြောင်းဆီလျော်ပါက လက်ခံမည်ဟုဖြေကြားခဲ့သည်။ အကြောင်းရင်းတစ်ခုမှာ ပါတီများသည် အကြံပဲပြုနိုင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်သာလျှင် ဆုံးဖြတ်နိုင်သည့် အဖွဲ့စည်းဖြစ်သကဲ့သို့ ထိုဆုံးဖြတ်ချက်၏ အကောင်းအဆိုးကိုလည်း ကော်မရှင်ကသာလျှင် တာဝန်ခံရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည်ထက်ပို၍ ပြင်ဆင်မည်၊ ရောဂါပြန့်ပွားမှု အနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲမည်ဆိုလျှင် ဖြစ်နိုင်ဖွယ်ရှိသည်ဟု အာဏာရပါတီကိုယ်စားလှယ်တစ်ဦးကဆိုသည်။ အတိုက်အခံပါတီကြီးမှ ကိုယ်စားလှယ်တစ်ဦးက ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုံလောက်သည့် စီမံခန့်ခွဲမှုများ ပြည့်ပြည့်စုံစုံရှိလျှင် ဆက်လက်ကျင်းပရန် ဆုံးဖြတ်နိုင်သကဲ့သို့ လိုအပ်၍ ရွှေ့ဆိုင်းမည်ဆိုပါကလည်း ၎င်းတို့အနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဟုဆိုထားသည်။

ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သော ပါတီကိုယ်စားလှယ်များအားလုံးက ရွေးကောက်ပွဲ ရွှေ့ဆိုင်းမည်ဆိုလျှင် မသေချာမရေရာသော အခြေအနေကာလအထိ ရွှေ့ဆိုင်းသည်မျိုးထက် နိုင်ငံရေးနှင့် ဖွဲ့စည်းပုံဆိုင်ရာ အကျပ်အတည်းများမဖြစ်စေရန် ယာယီရွှေ့ဆိုင်းခြင်းကိုသာ လိုလားသည်ဟု ထပ်လောင်းပြောကြားသည်။ အချုပ်ဆိုရလျှင် ကပ်ရောဂါအတွင်း ရွေးကောက်ပွဲကျင်းပခြင်းသည် ဒီမိုကရေစီအတွက်ရွေးကောက်ပွဲလား၊ ဒီမိုကရေစီအတွက် လူသားဆန်ခြင်းလား စံနှုန်းများတိုးတိုက်မိခြင်းဖြစ်ပြီး မြန်မာ့နိုင်ငံရေးပါတီများသာမက ကမ္ဘာ့နိုင်ငံအသီးသီး၊ အဖွဲ့အစည်းအသီးသီးနှင့် ပညာရှင်အသီးသီးကြားတွင် ဝိရောဓိများ၊ အငြင်းပွားဖွယ်များ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည်လည်း အဆိုပါဝိရောဓိများဖြစ်ပေါ်လာစေသည့် ဒီမိုကရေစီစံနှုန်းဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ၊ နိုင်ငံရေးအကျပ်အတည်းဆိုင်ရာ၊ ပါတီများ၏ ပကတိအခြေနေဆိုင်ရာ အခြေခံစဉ်းစားချက်များမှာတူညီပြီး ရှုထောင့်များသာ ကွဲလွဲနေခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ထိုအမြင်မတူမှုများ၊ စဉ်းစားချက်များနှင့် သဘောထားများက ရွေးကောက်ပွဲ ပျက်ပြားစေရန်မဟုတ်ဘဲ ဒီမိုကရေစီ ခိုင်မာအားကောင်းရေးအတွက် လိုအပ်သော၊ ကြိုဆိုအပ်သော စဉ်းစားချက်များ ဆွေးနွေးမှုများသာဖြစ်သည်ဟု သုံးသပ်တင်ပြရပါသည်။

> *ကပ်ရောဂါအတွင်း ရွေးကောက်ပွဲ ကျင်းပခြင်းသည် ဒီမိုကရေစီအတွက် ရွေးကောက်ပွဲလား၊ ဒီမိုကရေစီအတွက် လူသားဆန်ခြင်းလား စံနှုန်းများ တိုးတိုက်မိခြင်းဖြစ်ပြီး ......*
> *အမြင်မတူမှုများ၊ စဉ်းစားချက်များနှင့် သဘောထားများက ရွေးကောက်ပွဲပျက်ပြားစေရန် မဟုတ်ဘဲ ဒီမိုကရေစီခိုင်မာအားကောင်းရေးအတွက် လိုအပ်သော၊ ကြိုဆိုအပ်သော စဉ်းစားချက်များ ဆွေးနွေးမှုများသာ ဖြစ်သည်ဟု သုံးသပ်တင်ပြရပါသည်။*

## နောက်ဆက်တွဲ (က) တောင်ကိုရီးယား ရွေးကောက်ပွဲ ဆန်းစစ်လေ့လာချက်

တောင်ကိုရီးယားနိုင်ငံ ရွေးကောက်ပွဲသည် ကိုဗစ်ကာလအတွင်း နိုင်ငံတော်အဆင့် ရွေးကောက်ပွဲများ ကျင်းပသည့် ကနဦးနိုင်ငံများထဲမှ နိုင်ငံတစ်ခုဖြစ်သည့်အပြင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုမှာလည်း ရောဂါကူးစက်ပြန့်ပွားခြင်းမရှိရန် နည်းလမ်းသစ်များ၊ ပြင်ဆင်မှုများ အားကောင်းကောင်းနှင့် စီမံနိုင်ခဲ့သည့်အတွက် ကမ္ဘာကလေ့လာရသော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့တွင် လွှတ်တော်နေရာ ၃၀၀ အတွက် မဲရုံပေါင်း ၁၄၃၃၀ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။ စင်ကာပူသည် တောင်ကိုရီးယား၏နည်းလမ်းများကို အသုံးပြုခဲ့သော်လည်း အရွယ် အစားအရ အလွန်သေးငယ်သော ရွေးကောက်ပွဲတစ်ခုဖြစ်သည့်အတွက် နှိုင်းယှဉ်သုံးသပ်ရန် မသင့်ပေ။[၂၁]

တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ပွဲတွင် ရောဂါကူးစက်မှုမရှိစေရန် မဲပေးသည့်နေ့တွင် လူစုလူဝေးများ မဖြစ်စေရန် ကြိုတင်မဲပေးသည့် ရက်ကို နှစ်ရက်သတ်မှတ်ခဲ့ပြီး မဲရုံပေါင်း ၃၅၀၀ ဖွင့်လှစ်၍ မဲပေးစေခဲ့ သည်။ ဆေးရုံသို့မဟုတ် ဆေးကုသမှုခံနေရသူများကိုမဲပေးခွင့်မဆုံးရှုံး စေရန် စာတိုက်မှတစ်ဆင့်ကြိုတင်မဲပေးစေခြင်း၊ ကိုယ်တိုင်လာရောက်မဲပေးသူများအတွက် တန်းစီသည့်နေရာမှစ၍ လူများသော မဲပေးသည့်နေရာရောက်သည် အထိနှင့် ရွေးကောက်ပွဲပစ္စည်းများ ဖြန့်ဝေရာတွင် ကြိုတင်ကာကွယ်မှုများ လုပ်ခဲ့သည်။

မဲဆန္ဒရှင်များအား မျက်နှာဖုံးများ မဖြစ်မနေအုပ်စေသည်။ ၃၇.၅ ဒီဂရီ ဆဲလ်စီးရပ်စ်ထက်ကျော်သောသူများ အသက်ရှူလမ်းကြောင်းပြဿနာရှိနေသည်ဟု ယူဆရသူများအတွက် အထူးမဲရုံများတွင် မဲပေးစေသည်။ မဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦးအကြား ၁ မီတာစီခွာရန်လိုအပ်ပြီး မဲရုံပရိဝုဏ်တစ်ခုလုံးတွင် အမှတ်သားများ လက္ခဏာများကို သေချာထားရှိသည်။ မိမိ၏ ID ကတ်ကို အဆင်သင့်ထုတ်ထားရန်လိုအပ်ပြီး လက်များကို ပိုးသတ်ဆေးဖြင့် စင်ကြယ်စွာဆေးကြောထားရန် ၎င်းတို့ကိုပေးထားသော လက်အိတ်များကို တစ်ချိန်လုံး ဝတ်ဆင်ထားရန် လိုအပ်သည်။ မဲရုံအတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် မည်သူမည်ဝါ ခွဲခြားပြသရန် မျက်နှာဖုံး ခဏဖယ်ပြရန် လိုအပ်သည်မှအပ မဲပေးသည့်အဆင့်အားလုံးတွင် လက်အိတ်ဝတ်ခြင်း၊ မျက်နှာဖုံးအုပ်ခြင်းများ လုပ်ဆောင်ရ သည်။ မဲရုံထွက်ခွာရာတွင် အသုံးပြုပြီးသား ထိုလက်အိတ်များကို မဲရုံအပေါက်ဝရှိ တစ်ခါသုံး ပစ္စည်းများလွှင့်ပစ်သည့်ပုံးထဲသို့ စွန့်ပစ်ခဲ့ရန်လိုသည်။

မဲပေးမည့်နေ့မတိုင်ခင် ညနေတည်းမှ မဲရုံများကိုပိုးသတ်ပြီး မည်သူမှအဝင်မခံပေ။ မဲပေးစဉ်အတွင်း မဲပေးသည့်အခန်းများ၊ တံဆိပ်တုံးများနှင့် ရွေးကောက်ပွဲသုံးပစ္စည်းများကို ပုံမှန်ပိုးသတ်နေပြီး မဲရုံပရိဝုဏ်များကို လေဝင်လေထွက်ကောင်းသည့်နေရာများတွင် ထားရှိသည်။ ကိုဗစ်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ အတွက်ထားရှိသည့် အထူးမဲရုံ၏ မဲရုံဝန်ထမ်းများသည် ကာကွယ်ရေးဝတ်စုံများ အပြည့်ဝတ်ရပြီး မျက်နှာဖုံး၊ မျက်နှာအကာအကွယ်နှင့် လက်အိတ်များကို ဝတ်ဆင်ရသည်။ အိမ်တွင် quarantine ဝင်နေရသူများ မဲပေးခွင့် မဆုံးရှုံးစေရန် သာမန်မဲဆန္ဒရှင်များ မဲပေးခွင့်မရှိတော့သည့် မဲရုံပိတ်ချိန်တွင် လာရောက်မဲပေးစေခဲ့သည်။ မဲဆန္ဒရှင် ၄၄ သန်း သို့မဟုတ် ၆၆ ရာခိုင်နှုန်း ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သည်။ ထိုသို့ ပြည်သူပါဝင်မှု မြင့်မားသည့် အကြောင်းရင်းတစ်ခုမှာ မဲပေးသည့်အချိန်တွင် လုံခြုံစိတ်ချစေရန်သာမကဘဲ **ပြည်သူများ၏ လုံခြုံရေးအတွက် ဆောင်ရွက်ထားသည့် အစီအမံများကိုသာမက အဘယ်ကြောင့် ထိုနည်းလမ်းများသုံးရသည်၊ ထိုအစီမံများထားရသည့် အကြောင်းရင်းများကို အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC) မှ အချိန်နှင့်တပြေးညီ**

[၂၁] စင်ကာပူအထွေထွေရွေးကောက်ပွဲသည် လွှတ်တော်နေရာပေါင်း ၉၃ နေရာအတွက် မဲဆန္ဒနယ် ၃၁ နေရာ ရှိပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်ပေါင်းမှာ ပါတီ ၁၁ ခု မှ စုစုပေါင်း ၁၉၂ ဦးသာရှိသည်။ မဲဆန္ဒရှင် ၂ သန်း ကျော်အတွက် မဲရုံပေါင်း ၁၀၀၀ ကျော် ဖွင့်လှစ်ပေးခဲ့သည်။ စင်ကာပူ၏ ရွေးကောက်ပွဲစနစ်မှာ အသက် ၂၁ နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲမထည့်မနေရဖြစ်၍ မဲပေးသူစုစုပေါင်း ၉၅.၈၁ ရာခိုင်နှုန်းရှိခဲ့သည်။

**ပြည်သူများကို ရှင်းလင်းတင်ပြပေးနေ၍လည်း**ဖြစ်သည်။

(NEC) သည် မဲဆန္ဒရှင်များ သတင်းအချက်အလက်ရရှိစေရန် မတ်ဆေ့ချ်များပို့ခြင်း၊ TV များမှလွှင့်ခြင်း၊ တစ်နိုင်ငံလုံးတွင် ပိုစတာများကပ်ခြင်း၊ မဲဆန္ဒရှင်ကျင့်ဝတ်အား မဲရုံများအတွင်းတွင်ကပ်ထားခြင်းစသည် နည်းလမ်းမျိုးစုံဖြင့် သတင်းပေးပို့ခဲ့သည်။ ပွင့်လင်းမြင်သာမှုနှင့် မဲပေးခြင်း၊ မဲရေတွက်ခြင်းများကို သိရှိစေရန် နိုင်ငံတော်ပိုင်ရုပ်သံဌာနများမှ အချိန်အပိုင်းအခြားအလိုက် မဲရုံလှုပ်ရှားမှုများကို ရွေးကောက်ပွဲနေ့သာမက ကြိုတင်မဲပေးသည့်နှစ်ရက်လုံးတွင် တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့သည်။

လူစုလူဝေးမဲဆွယ်စည်းရုံးမှုများ၊ မူဝါဒဆွေးနွေးငြင်းခုံမှုများ၊ လူထုအားမိန့်ခွန်းပြောခြင်း၊ ရန်ပုံငွေရှာသည့်ပွဲများနှင့် တစ်အိမ်တက်တစ်အိမ်ဆင်းကဲ့သို့သော သမားရိုးကျ မဲဆွယ်စည်းရုံးမှုများကို ကန့်သတ်ထားပြီး ကိုဗစ်ကြောင့် လူအချင်းချင်း ခပ်ခွာခွာနေရန် နှင့် တွေ့ဆုံနိုင်သည့် လူအရေတွက်နည်းသောကြောင့် မဲဆွယ်မှုများမှာ အွန်လိုင်းဒစ်ဂျစ်တယ်မဲဆွယ်မှုများဖြစ်ခဲ့သည်။ ကိုယ်စားလှယ်လောင်းများက ဗီဒီယိုသတင်းစကားများ၊ SMS နှင့် ဖုန်း app များအသုံးပြု၍ အချို့က augmented reality (AR) နည်းပညာကိုအသုံးပြု၍ ၎င်းတို့ကို ထောက်ခံအားပေးသူများနှင့် အပြန်အလှန်ဆက်သွယ်မှု လုပ်ဆောင်ခဲ့သည်။ အချို့ကိုယ်စားလှယ်လောင်းများက လမ်းများပိုးသတ်ပေးခြင်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ပတ်ဝန်းကျင်များကို သန့်ရှင်းရေးလုပ်ခြင်းစသည့် ကိုဗစ်ကာကွယ်ရေးဆိုင်ရာ လုပ်အားပေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည်။ အချို့က ၎င်းတို့ပါတီ၏မူဝါဒများ မဲဆွယ်သတင်းစကားများကို နိုင်ငံတစ်ဝန်းရောက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ စာတမ်းစာအုပ်များမှတစ်ဆင့်ဖော်ပြ၍ ပို၍သမားရိုးကျသောနည်းလမ်းများဖြင့် မဲဆွယ်ခဲ့သည်။

တောင်ကိုရီးယားကဲ့သို့ စီမံဆောင်ရွက်နိုင်မည်၊ မဆောင်ရွက်နိုင်မည်မှာ သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းကြောင်း၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အခြေခံအဆောက်အဦနှင့် စီးပွားရေးအခြေအနေများပေါ်တွင်လည်း မူတည်နေသည်။ ကိုဗစ်ကာလတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပခဲ့သည့် အာရှနိုင်ငံများသည် စီးပွားရေးအရ အလယ်အလတ်ရှိ အားကောင်းသောနိုင်ငံများဖြစ်သည်ကို တွေ့ရသည်။ အလားတူ ကိုဗစ် ၁၉ ကို တိုက်ဖျက်နေသည့်အခြေအနေ တိုးတက်မှု၊ အင်အား၊ နည်းပညာကောင်းမွန်မှုနှင့် ရလဒ်များတွင်လည်း မူတည်သည်။ တောင်ကိုရီးယားသည် ရွေးကောက်ပွဲကျင်းပချိန်တွင် ရောဂါအား အတိုင်းအတာတစ်ခုထိ ထိန်းချုပ်ထားနိုင်ပြီး ဖြစ်သည့်အပြင် ကူးစက်မှုနှုန်းမှာ ရပ်တန့်နေခဲ့သည်။ တောင်ကိုရီးယားသည် ငွေရေးကြေးရေးအရသော်လည်းကောင်း၊ နည်းပညာအရသော်လည်းကောင်း၊ အခြေခံအဆောက်အဦ၊ လူသားအရင်းအမြစ်နှင့် ဆက်သွယ်ရေးနည်းလမ်းများမှာ ခိုင်ခိုင်မာမာ အဆင်သင့်ရှိထားပြီးဖြစ်သည့်အလျောက် ထိုရှုပ်ထွေးသော အခြေနေများကို တက်ညီလက်ညီကိုင်တွယ်နိုင်ခဲ့သည်။ ကိုဗစ်ကာလရွေးကောက်ပွဲအတွက် အရေးကြီးသည့် အချက်တစ်ခုမှာ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး လုပ်ဆောင်ရမည့်တာဝန်များကို ဌာနဆိုင်ရာတာဝန်ရှိသူများအကြား ရှင်းလင်းနေရန် လိုအပ်သည်။ သို့မဟုတ်ပါက အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုများတွင် နှောင့်နှေးနိုင်ပြီး ဘောလီဘောပုတ်သည့်ပြဿနာများ ဖြစ်ပေါ်နိုင်သည်။

တောင်ကိုရီးယားရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရသည့် နောက်တစ်ချက်မှာ နိုင်ငံရေး ရေခံမြေခံကောင်းများ ရှိထားပြီး၍ဖြစ်သည်။ နိုင်ငံရေး အင်အားစုများအတွက် မဲဆွယ်စည်းရုံးမှု အကန့်အသတ်များ ရှိခဲ့သော်လည်း လက်ခံပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ရွေးကောက်ပွဲကော်မရှင်၏ စီမံခန့်ခွဲမှုများကို ထိရောက်မှုရှိခဲ့သည်။ ထိုနိုင်ငံရေးရေခံမြေခံကောင်းများ ရှိသည်ဆိုသည်မှာလည်း နိုင်ငံရေးပါတီများအားလုံးအတွက် တူညီ

သည့် မျှတသည့်အခွင့်အရေးများရှိခြင်း၊ အကျပ်တည်းကြုံနေရချိန်တွင် ပုံမှန် အာဏာရအစိုးရများ အသာစီးရနိုင်သည့် အခြေနေမျိုးတွင် ပါတီများအကြား ညီမျှမှုရှိစေရန် နည်းလမ်းရှာပုံပိုးခြင်းစသဖြင့် ယှဉ်ပြိုင်မှုကွင်းကို မျှတစေခြင်းတို့ကြောင့် ဖြစ်သည်။

**နောက်ဆက်တွဲ (ခ) အင်တာဗျူးမေးမြန်းခဲ့သည့် ပါတီများ**

ကချင်ပြည်နယ်ပြည်သူ့ပါတီ
ကယန်းအမျိုးသားပါတီ
ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ
ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ ကိုယ်စားလှယ်
မွန်ညီညွတ်ရေးပါတီ
ပြည်သူ့ပါတီ
ပြည်သူ့ရှေ့ဆောင်ပါတီ
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

**နောက်ဆက်တွဲ (ဂ) သတင်းမီဒီယာဖော်ပြချက်များမှ ကိုးကားခဲ့သည့်ပါတီများ**

ကချင်အမျိုးသားကွန်ဂရက်ပါတီ
ကရင်ပြည်သူ့ပါတီ
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တအောင်း (ပလောင်) အမျိုးသားပါတီ
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ရခိုင်အမျိုးသားပါတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

# ကိုးကားစာရင်း

Eleven Broadcasting၊ "ရွေးကောက်ပွဲက အရေးကြီးလား၊ ပြည်သူ့အသက်တွေက အရေးကြီးလား"၊ Eleven Broadcasting ၊ ၁၉ ရက် ၉ လ ၂၀၂၀။

RFA၊ "တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်မယ့်အချိန် မဟုတ်ကြောင်း ANP ပါတီ ထုတ်ပြန်"၊ လွတ်လပ်တဲ့ အာရှအသံ၊ ၁၆ ရက် ၉ လ ၂၀၂၀။

RFA၊ "ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးဖို့ PPP ပါတီ ကော်မရှင်ထံ တောင်းဆို"၊ လွတ်လပ်တဲ့ အာရှအသံ၊ ၁၁ ရက် ၉ လ ၂၀၂၀။

ခင်မောင်စိုး၊ "ရွေးကောက်ပွဲရွှေ့ဆိုင်းဖို့ တကယ်လိုအပ်နေပြီလား"၊ လွတ်လပ်တဲ့ အာရှအသံ၊ ၁၈ ရက် ၉ လ ၂၀၂၀။

ဇင်လင်းထက်၊ "ရွေးကောက်ပွဲ ရွှေ့မရွှေ့"၊ ဧရာဝတီသတင်း၊ ၁၄ ရက် ၉ လ ၂၀၂၀။

ထက်ဝေအောင်၊ "ရွေးကောက်ပွဲအချိန်မီ မကျင်းပနိုင်ပါက အရေးပေါ်အခြေအနေကို ကာလုံခေါ်ပြီးကြေညာရန် ကြံ့ခိုင်ရေးပါတီပြော"၊ ဒီမိုကရက်တစ် မြန်မာ့အသံ၊ ၁၈ ရက် ၉ လ ၂၀၂၀။

မဇ္ဈိမ TV၊ "ကိုရိုနာဗိုင်းရပ်စ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ (လူနည်းစုတိုင်းရင်းသားပါတီများပေါ် ကမ္ဘာ့ကပ်ရောဂါရိုက်ခတ်မှု)"၊ မဇ္ဈိမ၊ ၂၆ ရက် စက်တင်ဘာလ ၂၀၂၀။

ယမင်းမြတ်အေး၊ "လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်နိုင်ပါ့မလား"၊ ဒီမိုကရက်တစ် မြန်မာ့အသံ Debate၊ ၂၈ ရက် ၉ လ ၂၀၂၀။

ရဲနိုင်ဦး၊ "စစ်ကလည်း မရပ်နိုင်၊ ရောဂါကလည်းဖြစ်။ လူတွေဒုက္ခကို သိဖို့လိုတယ်။ အာဏာပိုင်တွေကို ပြောချင်တယ်။ စစ်ဖြစ်နေတဲ့ အခြေအနေက ကနေ့အနေအထားမှာ ရပ်ဖို့လိုတယ်"၊ The VOICE Journal ၊ ၁၂ ရက် ၉ လ ၂၀၂၀။

သရဖဏ်၊ "ရွေးကောက်ပွဲရွှေ့ဆိုင်းရင် ဘာတွေဖြစ်လာမလဲ"၊ NEWS WATCH ၊ ၁၄ ရက် ၉ လ ၂၀၂၀။

သံလွင်တိုင်းမ် Facebook Live၊ "ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးဟာ မျှတမှုရှိရဲ့လား"၊ သံလွင်တိုင်းမ်၊၂၈ ရက် စက်တင်ဘာလ ၂၀၂၀။

ဧရာဝတီ၊ "ကိုဗစ်ရောဂါပြင်းထန်နေချိန် ပြည်သူတွေ မဲထွက်ပေးရဲပါ့မလား"၊ ဧရာဝတီ၊ ၂၀ ရက် ၉ လ ၂၀၂၀။

စောဇင်မောင်၊ "Political parties divided over possible election postponement [ရွေးကောက်ပွဲရွှေ့ဆိုင်းမှု အလားအလာပေါ် နိုင်ငံရေးပါတီများ သဘောထားကွဲလွဲ]"၊ BNI Multimedia Group၊ ၁၈ ရက် ၉ လ ၂၀၂၀။

အောင်ဇော်ထွန်း၊ "မဲဆွယ်စည်းရုံးရေးမှတစ်ဆင့် ရောဂါကူးစက်မှုမဖြစ်စေရေး ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်သူများ အကြံပြု"၊ ၇ ရက်နေ့စဉ် သတင်းစာ၊ ၁၅ ရက် ၉ လ ၂၀၂၀။

ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့၊ "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အကြိုစစ်တမ်း ကနဦး အစီရင်ခံစာ"၊ PACE ၊ အောက်တိုဘာလ ၂၀၂၀။

International IDEA(a)၊ "Elections and Covid-19", International IDEA Technical Paper 1/2020. https://doi.org/10.31752/idea.2020.11

International IDEA(b), "Global overview of Covid 19: Impact on elections", International IDEA, 7 October 2020. https://www.idea.int/news-media/multimedia-reports/global-overview-covid-19-impact-elections

Toby S. James, "New development: Running elections during a pandemic", Public Money & Management, 2020. https://doi.org/10.1080/09540962.2020.1783084

Toby S. James and Sead Alihodzic, "When is it democratic to postpone an election? Elections during natural disasters, Covid-19 and Emergency Situations", Election Law Journal, Volume 19(3), 2020. https://www.liebertpub.com/doi/pdf/10.10 89/elj.2020.0642

Antonio Spinelli, "Managing Elections under the Covid-19 Pandemic The Republic of Korea's Crucial Test", International IDEA Technical Paper 2/2020. https://www.idea.int/publications/catalogue/managing-elections-under-covid-19-pandemic-republic-korea-crucial-test

စုမွန်သန့်သည် ဗြိတိန်နိုင်ငံ Keele တက္ကသိုလ်မှ နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲအထူးပြုမဟာဘွဲ့ရရှိထားပြီး လက်ရှိတွင် ဒီမိုကရေစီဆိုင်ရာ သုတေသနများကို လုပ်ဆောင်နေပါသည်။

ထွယ်လတ်သည် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ လက်ထောက်သုတေသီတစ်ဦး ဖြစ်ပါသည်။